

ဝန်ရင်း
Read on the move
မျူး
အိမ်မက်ဝှက် လမ်းချိုး

# အခန်း (၁)

ကောင်းကင်ထံတွင် ထူးဆန်းသော အကျင့်တစ်ခု ရှိသည်။ ဒါ ကတော့ အိပ်မက်များ ကို သက်ဝင်ယုံကြည်ခြင်းပဲ ဖြစ်သည်။ အိပ်မက် တိုင်းက အိပ်စက်ခြင်းရဲ့ အခြားမဲ့မှာ လွတ်လပ်စွာ ရှင်သန်နေကြသည် မဟုတ်လား။ အိပ်မက်တွေ ကို ရူးသွပ်ယုံကြည်သော သူသည် အိပ်မက်တိုင်း ကို ပန်းချီရေး ဆွဲတတ်ပြန်သည်။ ဒါက ဒုတိယ အကျင့်တစ်ခု။ မွေးရာပါ သွေးသားဗီဇထဲမှာ ကို ပန်းချီရေး ဆွဲရတာ ဝါသနာ ထုံခဲ့သည်။ တစ်ဦး တစ်ယောက် ရဲ့ စေ့စော်တိုက်တွန်းမှု မပါ။ မေမေဟာ သူ ပန်းချီရေး ဆွဲခြင်းကို မနှစ်သက် ။ ငယ်ငယ်တုန်း က ကျောင်းစာတွေ မလုပ်ဘဲ ပန်းချီရေး နေခဲ့ချိန်တွေ ရှိဖူးသည်။ မေမေသိလျှင် လက်ခေါက်ကို ပေတံစောင်းဖြင့် ခပ်နာနာ ရိုက်တတ်၏ ။ ဒါပေမဲ့ သူ့ဝါသနာက ပျောက်ပျက်မသွားခဲ့။

"ကောင်းကင် မေမေ ပြောထားရဲ့ သားနဲ့ ပုံတွေ ဆွဲနေပြန်ပြီ လား"

မေမေက ဒေါသတကြီး ဆူသည်။ ကောင်းကင် ထုံပေပေဖြင့် ဘာမှ ပြန်မပြော။ မေမေ့ကွယ်ရာ ရောက်လျှင် ဝါသနာကို တားမရ။ နောက်ဆုံးတော့ မေမေ အလျှော့ပေးရသည်။

"ကဲ ဒီလောက်တောင် ပြောမရရင်တော့ မေမေနဲ့သား အပေး အယူ တစ်ခု လုပ်ရလိမ့်မယ်"

"ဘာ အပေးအယူလဲ မေမေ"

"သား ကျောင်းစာကို လေးလေးစားစားနဲ့ စာမေးပွဲတွေ ကို အောင်အောင် ကြိုး စားရမယ်၊ သားဘက်က လိုက်နာမယ်ဆိုရင် မေမေ က သား ဝါသနာကို ပံ့ပိုးကူညီပေးမယ်"

"မေမေ မေမေ တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့ သားရယ်"

''ဟေး ဒါမှ တို့မေမေကွ''

အဲဒီ တုန်းက ကောင်းကင် စတုတ္ထတန်းပဲ ရှိသေးသည်။ သူ့ ဘက်က မလစ်ဟင်းအောင် ကြိုး စားပြတော့ မေမေကလည်း ကတိမဖျက် ခဲ့ပါ။ ပန်းချီဆရာတစ်ဦးထံ ပို့ပေးခဲ့သလို လိုအပ်သော ပန်းချီပစ္စည်း တွေ ပါ တစ်ပုံကြီး ဝယ်ပေးသည်။ မျက်ရည်ပေါက်ပေါက်ကျအောင် ကြည်နူးခဲ့သည်။ သူ့အခန်းရဲ့ နေရာတစ်ဝက်လုံးက ကင်းဗတ်စတွေ ၊ ဆေးတွေ စုတ်တွေ အပြည့်။ အခု တော့ သူ့အိပ်မက်တွေ အမှန်တကယ် ဖြစ်လာရပြီ။ ကောင်းကင်က သူ ယုံကြည်ရာဘဝမှာ ပျော်ပျော်ရွှင်ရွှင် ဖြတ် သန်း ကြီးပြင်းခဲ့တာ ဖြစ်သည်။ ကျောင်းစာ တာဝန်တွေ ပြီးဆုံးသွား တိုင်း ပန်းချီရေး ဆွဲနေတတ်၏ ။ အခုလည်း ကောင်းကင် ပန်းချီကားတစ်ချပ်ကို စိတ်ပါဝင်စား စွာ ရေး ဆွဲနေမိသည်။ အိပ်မက်ထဲတွင် လက သာနေသည်။ နှင်းတွေ ပိန်းပိတ်အောင် လွှမ်းခြုံထားသည့် တောင်တန်းကြီးက ရှုမငြီးဖွယ်။ ကောင်းကင်အတွက် လွမ်းမော အေးချမ်းဆွတ်ပျံ့ဖွယ် မြင်ကွင်းတစ်ခု ဖြစ်သည်။ အိပ်ရာက နိုးသည်နှင့် ကောင်းကင် ဟန်မဆောင်နိုင်။ မေမေ့ကို ပြောပြနေမိသည်။

''သားရယ် အိပ်မက်အကြောင်းလေး ခဏထားပြီး ကော်ဖီ သောက်လိုက်ပါဦး၊ သားဟာလေ လုပ်ချင်မိပြီဆိုရင် ထမင်းမေ့ ဟင်းမေ့ အရာရာကို မေ့တော့တာပဲ''

မေမေက အလိုမကျစွာ ပြောပြီး ကော်ဖီကို ငှဲ့ပေး၏ ။ သူက လည်း မကျေမနပ်ဖြင့် မျက်နှာကို သုန်မှု န်ထားလိုက်သည်။ မေမေ သူ့အပေါ် အဆုံးစွန်ထိ ဘာလို့ နားမလည်နိုင်သေးတာလဲ။

''မေမေက နားမထောင်ချင်ဘူးပေါ့''

''တော် ပါကွာ မင်းဟာမင်း စိတ်ကူးတွေ ယဉ်ပြီး အရူးထနေ တာ''

သူ ဝမ်းနည်းသွားမိသည်။ သူ့အပေါ်မှာ မေမေကပါ နားမ လည်နိုင်ပါလား။ စိတ်ပျက်စွာ ထထွက်သွားဖို့ပြင်တော့ မေမေက သူ့ လက်ကို လှမ်းဆွဲထားသည်။

''သား ဒါက ဘာ ဖြစ်တာလဲ သား ငယ်ငယ်တည်းက အိပ်မက် တွေ ကို

စွဲလန်းတာ မေမေ သိပါတယ်၊ သား အခု အရွယ်ထိ သား ပြောသမျှ အိပ်မက်တွေ ကို ဒိုင်ခံ နားထောင်ပေးခဲ့တာလည်း မေမေပဲ လေ၊ နားထောင်တဲ့သူက မေမေ မဟုတ်ဘဲ အခြား တစ်ယောက် ဆို သားကို ဘာပြောမလဲ၊ သား ဆင်ခြင်နိုင်အောင် မေမေက ပြောရတာ ပါကွယ်''

ကောင်းကင် မတုန်လှုပ် ငြိမ်သက်နေမိသည်။ မေမေ ပြောတာ မမှား။

''မင်းတို့ မယုံဘူးလား၊ အိပ်မက်တွေ မှာ တကယ် အသက်ရှိ တယ်''

''တော် ပါကွာ အာရုံနောက်တယ်၊ တစ်ယောက် တည်း သွား ပြော''

အပေါင်းအသင်းအချို့ ရဲ့ အသံတွေ ပြန်ကြားမိတော့ သက်ပြင်း ချမိသည်။ သူငယ်ချင်းတွေ က သူ့ကို နားမလည်နိုင်ခဲ့ကြပါ။ ကောင်းကင်နှင့်မေမေနဲ့က ခင်တွယ်စရာ သားအမိနှစ် ယောက် တည်း ဖြစ်သည်။ မေမေ့အပေါ် ဆိုးနွဲ့ချင်တာ မကောင်းမှန်း သိပါသည်။ ဒါပေမဲ့

အိပ်မက်တွေ နဲ့ ပတ်သက်လာရင် ကောင်းကင် စိတ်က မေမေ ဝေဖန်တာကိုတောင် မကြိုက်ချင်။ ရူးတယ်လို့ပဲ ပြောချင် ပြောကြပါစေတော့…။

*

# အခန်း (၂)

"အဲဒါ ညက မက်တဲ့ အိပ်မက်လား"

လှည့်မကြည့်ဘဲနဲ့ အဖြူရောင် ဆိုတာ သိလိုက်သည်။

"အေး ဟုတ်တယ်၊ ဒါ ညက မက်တဲ့အိပ်မက်ပေါ့"

ပန်းချီကားကို လက်စသပ်ရင်း ဖြေလိုက်သည်။ သူ ပန်းချီ ရေး ဆွဲသည့် ညနေစောင်းဆိုလျှင် အဖြူရောင် ရောက်လာတတ်သည်။ သူမမှာ ချစ်စဖွယ်ကောင်းသော အကျင့်တစ်ခု ရှိ၏ ။ ကောင်း ကင် ပန်းချီဆွဲနေလျှင် ဘာကိုစွဖြင့်လာလာ ဘယ်လောက်အရေး ကြီးကြီး ပြီးဆုံးချိန်ထိ ငြိမ်သက်စွာ စောင့်နေတတ်တာပဲ ဖြစ်သည်။ အခုလည်း ဘယ်အချိန်တည်းက ရောက်နေသည် မသိ။

"ရောက်နေတာ ကြာပြီလား"

"ဆိုပါတော့"

အပြီးသတ် ခြယ်မှု န်းပြီးသွားသော နှင်းလွှမ်းတောင်ပုံကြီးကို ကျေနပ်စိတ်ဖြင့် တစိမ့်စိမ့် ကြည့်မိသည်။ လှလိုက်တဲ့ နှင်းလွှမ်းတောင် ကြီး (သို့ ) သူ့ ရဲ့ အသက်သွင်းထားတဲ့ အိပ်မက်။

"တကယ်ကို အသက်ဝင်တာပဲ၊ ဖူဂျီဟာမာ နှင်းလွှမ်းတောင် ကို ရောက်သွားသလိုပဲ"

အဖြူရောင် က ချီးကျူး တော့ ကျေနပ်စွာ ပြုံး မိသည်။ ဘယ်သူပဲ ဖြစ် ဖြစ် သူ ကြားချင်နေတာက ဒီလိုအသံမျိုး ပါ။

"ဟုတ်တယ် ဒါက ငါ အသက်သွင်းလိုက်တဲ့ ငါ့ရဲ့ အိပ်မက်ပဲ၊ ငါက အိပ်မက်ချစ်သူလေ"

အဖြူရောင် က ဘာမှမပြော။ ပြုံး ၍ သာ နေသည်။ သူ့ အပေါ် နားလည်နိုင်တာ

အဖြူရောင် နှင့် မေမေပဲ ရှိပါသည်။ ပန်းချီကားကို တစိမ့်စိမ့် ငေးရင်း ပီတိ ဖြစ်ရသည်။ အဖြူရောင် က အလိုက်သိစွာ ပဲ ငြိမ်သက်နေသည်။ ကျေနပ်သွားမှ ပစ္စည်းအားလုံးကို ဖြုတ်သိမ်း၏ ။ အဖြူရောင် က

"ဒီနေ့ ငါတို့ စွန်လွှတ်ဦးမှာ လား"

"ဟုတ်တယ် ကန်ဘောင်မှာ ဇင်လင်းခန့် တို့ စောင့်နေလိမ့် မယ်"

အဖြူရောင် ကို လှမ်းကြည့်ရင်း ပြောလိုက်မိသည်။

မျက်နှာလေးက ချောမွေ့၍ ဝင်းဖန့်နေ၏ ။ အတိုအရှည် မညီ ဘဲ ကျောလည်ထိ ဝဲကျနေသည့် ဆံစလေးတွေ က ဖြောင့်စင်းလျက်။ နှာတံလေးက ထိပ်ဖျားမှာ လုံးသွားတာ ချစ်စရာကောင်းသည်။ ခပ်ရေး ရေး မျက်ခုံးစိမ်းလေးတွေ အောက်က မျက်ဝန်းလေးတွေ က ကြည် လဲ့နေ၏ ။ ဂုတ်တဝေး စပို့ရှပ် နို့စိမ်းရောင် လေးဖြင့် သူမ အသားအရည် လိုက်ဖက်ပါသည်။ ဘော်ဆီနီ စကတ်တိုလေးနှင့် စကက်ချာ ရှူး ဖိနပ်လေးတို့ စီးထားသော သူမအသွင်လေးက နှစ် ခါပြန် ငေးမိမှာ သေချာသည်။ သူမ မျက်နှာလေး ရဲတက်သွားပြီး မျက်တောင်ရှည်ကြီးတွေ ညွှတ်ကျသွားသည်။

"ဘာကြည့်နေတာလဲ နေအရမ်းစောင်းသွားဦးမယ်၊ သွားကြ ရအောင်"

အဖြူရောင် ပြောမှ ကိုယ့်အ ဖြစ်ကို ရှက်မိရင်း ခေါင်းဆတ်ပြ လိုက်သည်။ ညနေတိုင်း စွန်လွှတ်ရတာ ကိုလည်း သဘောကျ နှစ်သက် ပါ သည်။ လေတံခွန်လေးတွေ လေထုထဲမှာ ပျံဝဲနေတာကို ကြည့်ပြီး သူ လည်းပဲ ပေါ့ပါးလွတ်လပ်လာသလို ခံစားမိ၏ ။ ဟိုကောင်တွေ အလာကို သူနှင့်အဖြူရောင် ထိုင်စောင့်နေမိ သည်။ သူ့ အပြုအမူကြောင့် လားတော့ မသိ။ အဖြူရောင် က စကား တစ်ခွန်းမှ မစ။

"သား တစ်နေ့ကျ လက်ထပ်ရမယ့် မိန်းကလေးဟာ အဖြူရောင် ပဲ သား"

မေမေ့ စကားတွေ ကို ပြန်ကြားယောင်မိသည်။ မေမေ ပြောဆို တုန်းက သူ မငြင်းဆန်မိသလို နာခံမည် ဟုလည်း မဆုံးဖြတ်မိခဲ့။ အဖြူရောင် က ဒီနေ့ထက်ထိတော့

သူ့ကို နားလည်သော သူငယ်ချင်းမလေးတစ်ဦးသာ။ အဖြူရောင် အလုကိုတော့ ခုနကလေးကမှ သတိပြုမိတာ ဖြစ်သည်။

"မင်းတို့ကလည်း နောက်ကျလိုက်တာကွာ၊ ဆည်းဆာတောင် မှိုင်းလုနေပြီ"

ရစ်ဘီးကို ကိုင်ရင်း လှမ်းလာသော ဇင်လင်းခန့်က ပြောသည်။ မင်းသွေးနဲ့ရာဇာ ကတော့ ဘာမှမပြော။ ဒီကောင်တွေ ရောက်တာ ကြာပြီ ဆိုတာ သူ သိလိုက်သည်။

"ဆောရီးကွာ ငါ ပန်းချီဆွဲနေလို့ မင်းတို့ ဘယ်ဘက်မှာ သွားလွှတ်နေတာလဲ"

"ငါတို့ မလွှတ်ရသေးပါဘူး၊ အကြော်သွားစားနေကြတာ"

"ကဲ ကဲ စမယ်ကွာ၊ အချိန်ရှိတုန်း"

မင်းသွေးက စွန်စလွှတ်ဖို့ မောင်းတင်လိုက်သည်။ ဇင်လင်းခန့် က မင်းသွေးကို တစ်ချက် ကြည့်ပြီး

"မင်းနဲ့ရာဇာ ချကွာ၊ ငါနဲ့ကောင်းကင်နဲ့"

ရာဇာက ခေါင်းညိတ်လိုက်ပေမယ့် ကောင်းကင်က ခေါင်းခါ လိုက်ပြီး

"ဟော့အေး ဒီနေ့ ငါ့ကြိုး တွေ ကို မှန်စာ တိုက်မထားဘူး"

"တော် ပြီကွာ စောင့်ရတာ မောတာပဲ အဖတ်တင်တယ်၊ မင်းနဲ့ ငါနဲ့ပဲ ချမယ်"

ဇင်လင်းခန့်က အလိုမကျစွာ ပြောဆို၍ ရာဇာကို ခေါ်သွား သည်။ မင်းသွေးက သူ့ကို ပခုံးတွန့်ပြ၏ ။ ဝသုန်တို့ ယမင်း မေမီမိုး တို့ ရောက်လာတော့ သူတို့ဖာသာ အဖွဲ့ကျသွားသည်။

ယနေ့ သူ့စိတ်တွေ ဘာ ဖြစ်နေသည် မသိ။ တိုက်ချင်ခိုက်ချင် စိတ်တွေ ပျောက်နေသည်။ လေတံခွန်လေးကို အနှောင့်အယှက် ကင်းစွာ ပဲ ပျံဝဲစေချင်သည်။

အားလုံးနဲ့ဝေးရာမှာ သူ တစ်ယောက် တည်း စွန်ကို လွှတ်တင် ထားမိသည်။ အဖြူရောင် က သူ့အနားမှာ လာရပ်၏ ။

သူ့ကို ပြုံး ပြပြီး စွန်ကို ခေါင်းလှည့်လျက် ကြိုး ကို လျှော့ပေး နေသည်။ အဖြူရောင် စွန်က အပြာ သူက အနီ ဖြစ်သည်။

''ငါလေ ဘာ ဖြစ်လို့လဲ မသိဘူး၊ စွန်လေးတွေ လွတ်လွတ် လပ်လပ် ပျံဝဲနေတာကိုပဲ သဘောကျမိနေတယ်၊ အဲဒါကြောင့် ဇင်လင်း ခန့်ကို ငြင်းလိုက်တာ''

''ငါ ကတော့ ဘာပဲပြောပြော ဒီလိုလွှတ်တာကို သဘောကျတဲ့ သူလေ၊ ကဲ နင်နဲ့ငါနဲ့ အဝေးဆုံးထိ ပြိုင်လွှတ်ကြမယ်၊ ကြိုး ပြတ်တဲ့သူ အရှုံး ဘယ်လိုလဲ''

အဖြူရောင် အမေးကို ကျေနပ်စွာ သူ လက်ခံလိုက်သည်။ စွန်တွေ ကို အဝေးဆုံးထိ ပြိုင်လွှတ်ကြသည်။

မှု န်ပျပျ မြင်နေသော စွန်နှစ် ကောင်ကိုကြည့်ရင်း နှစ် ယောက် စလုံး ပျော်ရွှင်နေမိသည်။ အဖြူရောင် စွန်ကို အနိုင်ယူဖို့ သူ့ကြိုး ကို အဆုံးစွန် လျှော့ချပစ်လိုက်သည်။

''ဟာ''

ပြင်းထန်သော လေကြောင်းထဲမှာ သူ့စွန်လေးက လွှတ်သူမဲ့ ပျံဝဲလျက်။

*

# အခန်း (၃)

ဖေဖော်ဝါရီလ ၁၄ ရက်။

''ချစ်သူများ နေ့''

ကောင်းကင်၊ ရာဇာ၊ မင်းသွေး၊ ဇင်လင်းခန့်၊ ဝသုန်၊ယမင်း အဖြူရောင် ၊ မေမိုးတို့ ဒီနေ့ လျှောက်လည်ကြမည် ။

အားလုံးက ခေတ်လူငယ်များ ပီပီ အတွဲ များ မပါဘဲ သူငယ် ချင်းတွေ ချည်း သွားကြတာ ဖြစ်သည်။ အရောင် ဆိုးမထားဘဲ သူတို့ဘဝ လေးတွေ ကို မေ့မောစွာ ပျော်ရွှင်ရတာ အရသာတစ်မျိုး ပဲလေ။

''ဟာ ဒါကြီးက ရာဇာနဲ့ ဖစ်ဆိုဒ်ပဲဟေ့''

''ဟား ဟား ဟား အံဝင်ဂွင်ကျပဲဟေ့''

''ကွက်တိ ကွက်တိ''

ဩဘာပေးသံတွေ ဆူညံသွားသည်။ မင်းသွေး ညွှန်ပြသော ရေမြှုပ်ခွက်တွေ နှင့် ဘရာစီယာကြီးက နည်းတဲ့ဆိုဒ်ကြီး မဟုတ်။

ရာဇာကလည်း ဆတ်ဆတ် ထိမခံ။

''အေး မင်းကြီးတော် ကြီး ငါ့ကို မှာ နေတာတော့ ကြာပြီကွ၊ ဝယ်သွားရင် ကောင်းမလားပဲ''

''ခစ် ခစ် ခစ်''

မိန်းကလေးတွေ က သဘောကျစွာ ရယ်မောတော့ မင်းသွေး မျက်နှာကြီး ရှုံ့သွား၏ ။ အပျော်အပျက်ကလေးများ ဖြင့် သူတို့အုပ်စု မြူး နေကြသည်။

''ဟဲ့ ဝသုန် နင်ကြိုက်တာ ရွေးလေ၊ ကျသလောက် ငါရှင်းပေး မှာ ပါ''

ခေါင်းစည်းကြိုး တွေ ကို ညှနိပြရင်း ဇင်လင်းခန့် ပြောတော့ ဝသုန်က မျက်စောင်းထိုးသည်။ ကြံကြံဖန်ဖန် ကတုံးဆံပင်နှင့် ဝသုန်ကို မှ စရတယ်လို့။ ရာဇာက ထပ်စသည်။

''မင်းကလည်း သူများ အားနည်းချက်ကို မစပါနဲ့၊ သူက နောက်ဆယ်နှစ် တောင် ဒီဆံပင်အရှည်က တက်ဦးမှာ မဟုတ်ဘူး''

ဝသုန်က စိတ်နာနာဖြင့် ရာဇာကို ကျောပိုးအိတ်ဖြင့် လိုက်ထု သည်။

ကောင်းကင်နှင့်အဖြူရောင် ကတော့ သူတို့တွေ နောက်ပြောင် သမျှ အားပေးသည့် ပရိသတ်။

စင်တာတွေ ထဲမှာ လူတွေ တိုးကြိတ်လျက် စည်ကားပါသည်။ ချစ်သူများ နေ့မို့ စုံတွဲ တွေ က ပိုများ သည်။

''တောက် သူများ သားသမီးတွေ များ အပြတ်ကဲနေလိုက်ကြ တာ၊ ကိုယ့်ဘဝကို ရင်နာတယ်''

ဇင်လင်းခန့်က မချိတင်ကဲ အသံကြီးဖြင့် ညည်းညူသည်။ ရာဇာနှင့် မင်းသွေးက ပြုံး စိစိလုပ်ရင်း

''အဟီး ကြိုက်ချင်စရာပဲ၊ ခရမ်းချဉ်သီး မီးဖုတ်ပြီး လှည်းနင်း ထားတဲ့ ရုပ်ကြီးကို''

''မင်းတို့ကောင်တွေ အနုပညာမျက်စိ မရှိဘဲနဲ့ ဂျီကွမ်ဆူလိုလို ရိမ်းလိုလို ရုပ်ကိုများ ဟုတ်တယ်နော် ကောင်းကင်''

သူ့ကို စစ်ကူခေါ်နေသော ဇင်လင်းခန့်ကို ခေါင်းဆတ်ပြမိတော့ မိန်းကလေးတွေ က ဩဘာပေးသည်။

''ဝေါ့ အနန်ချင်စရာကြီး''

လမ်းလျှောက်လာတာ မောပြီမို့ အားလုံး ရေခဲမုန့် ဝင်စား ဖြစ် ကြသည်။ ကောင်းကင်က ပိန်းဥ၊ အဖြူရောင် က ကော်ဖီ၊ ယမင်းတို့ သုံးယောက် က နို့၊

ဇင်လင်းခန့်တို့က ချောကလက်။

ရေခဲမုန့်တွေ ကိုယ်စီကိုင်ရင်း တပြတ်ပြတ် စားလာကြသော သူတို့ကို အားလုံးက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။

အတွဲ သုံးတွဲ က ခပ်ကဲကဲ အမူအရာတွေ နဲ့ သူတို့နားက ဖြတ်လျှောက်သွားတော့ ယမင်းက

"သူများ တွေ က အတွဲ တွေ ချည်းပဲနော်၊ ခုမှ သတိရတယ်၊ ငါတို့အဖွဲ့ထဲမှာ တစ်ယောက် မှ စုံတွဲ မရှိဘူး"

"ဘာလို့ မရှိရမှာ လဲ၊ ကောင်းကင်နဲ့အဖြူရောင် က စုံတွဲ ပဲဟာ"

"မိဘတွေ က သဘောတူထားကြတာလေ၊ သူတို့က တစ်နေ့ကျရင်တော့ လက်ထပ်ကြမှာ ပဲ"

ဇင်လင်းခန့်က ဝင်ပြောသည်။

အားလုံးက ငြင်းခုန်နေကြသည်။ အဖြူရောင် ကို သူ လှမ်းကြည့် မိတော့ ပခုံးကလေး တွန့်ပြ၏ ။ သူလည်း ပြန်လုပ်ပြလိုက်သည်။ အေးဆေး ပဲဆိုသည့် သဘော။

"ဒါများ ဘာမှလည်း မထူးဆန်းဘဲနဲ့"

ရာဇာက ရေရွတ်ပြီး ဦးဆောင်၍ ဆက်လျှောက်သည်။ ခပ်ကဲကဲ စုံတွဲ ရဲ့ ရှေ့အရောက်မှာ မင်းသွေးကို ရာဇာက ခြေထိုးခံလိုက်၏ ။

စုံတွဲ ရဲ့ ရင်ခွင်ထဲကို မင်းသွေး ရေခဲမုန့်ကိုင်လျက် ဟပ်ထိုး လဲကျသွားသည်။

အမျိုး သား ဖြစ်သူ၏ မျက်နှာတစ်ခုလုံးက ရေခဲမုန့်တွေ ဖြင့် ရစရာမရှိ အားလုံး ဝိုင်းရယ်ကြသည်။

"ဆောရီးပါဗျာ၊ ကန်တော့ပါဗျာ မတော် လို့ပါ တောင်းပန်ပါ တယ်"

မင်းသွေးက ခြေသလုံးဖက်မတတ် တောင်းပန်နေတော့ ကာ ယကံရှင်ခမြာ

အောင့်သက်သက်ဖြင့် ကျေနပ်ရသည်။

ကွယ်ရာရောက်မှ မိုက်နိုင်ပြီး ရယ်တာ တမင်လုပ်တဲ့အတိုင်းပဲ။

အခုလို ကလေးတွေ ကိုပဲ ခုန်မင်မိသည်။ အဖြူရောင် လည်း သူ့လိုပဲဆိုတာ မပြောဘဲဖြင့် သိနေပါ၏ ။

အချိန်ကို လိုသလို ရှေ့တိုးနောက်ဆုတ် လုပ်နိုင်ရင် ဘယ် လောက်ကောင်းမလဲ။

*

# အခန်း (၄)

တိတ်ဆိတ်ငြိမ်သက်၍ မှော င်မိုက်နေခြင်းကို ကောင်းကင် နှစ်သက် သည်။ သူ နေ့စဉ် ပြုမူနေကျ အပြုအမူတစ်ခုက အိပ်ရာထ သည်နှင့် ပြတင်းတံခါးကို ဖွင့်၍ လေကိုအဝရှူသွင်းတာပဲ ဖြစ်သည်။

ထိုအချိန်မှလွဲ၍ သူ၏ အခန်းတံခါးများ ကို အမြဲတစေ ပိတ် ထားတတ်တာက အရိုးစွဲနေခဲ့ပြီ။

တံခါးမှန်များ ကို အနောက်ရောင် များ သာ တပ်ဆင်ထားပြီး ခန်းစည်းများ ဖြင့် ကာရံထားသည်။ သူ့ အခန်းက လိုအပ်သည်ထက် ပိုမှော င်နေတတ်သည်။

သူ ကတော့ ဒါကိုပဲ နှစ်သက် မိသည်။ စုတ်တံတစ်ချောင်း ကိုင်လျက် ကင်းဗတ်စတွေ ပေါ် ရေး ခြစ်ဖို့ ဈာန်အဝင်စားဆုံး အခြေအနေ က ပိုးတိုးဝါးတား အချိန်မဟုတ်လား။

"ကောင်းကင်"

ကလစ်ချ်ခနဲ အခန်းတံခါး လော့ဖွင့်သံနှင့်အတူ ဇင်လင်းခန့် ခြေသံဖွဖွကိုပါ ဆက်တိုက်ကြားလိုက်သည်။

စုတ်တံကိုင်ထားလျက် ဇင်လင်းခန့်ကို လှည့်ကြည့်လိုက်သည်။ ဈာန်ဝင်စားမှု တစ်ခုဆုံးရှုံးသွားပြန်ပြီ။

"ညက အိပ်မက်ပဲလား"

"ဟုတ်တယ်"

သူ့ အဖြေက တို၍ ပြတ်နေသည်။ သူ့ ရဲ့ ခံစားမှု အာရုံကို သူတို့ မှ နားမလည်နိုင်ဘဲ။

"မင်းအခန်းကလည်းကွာ မှော င်လိုက်တာ၊ တစ်မျိုး ကြီးပဲ"

ဇင်လင်းခန့်က မနှစ် မြို့ ဟန်ဖြင့် ဆိုလိုက်သည်။

''အပြင်း ငါ့အတွက်တော့ အကောင်းဆုံး ပတ်ဝန်းကျင်တစ်ခု ပေါ့ကွာ၊ ထားပါ ကိစ္စရှိလို့လား''

''ဟုတ်တယ် ဒီညနေ မွေးနေ့ပွဲကို ငါ့အဖေကိုယ်စား ငါ သွား ရမှာ မို့''

ကောင်းကင် သူ့ကို အဖော်လာခေါ်ကြောင်း သဘောပေါက် လိုက်သည်။

''ငါ မလိုက်ချင်ဘူး ဆိုရင်ရောကွာ''

သူ့စိတ်ထဲရှိတဲ့အတိုင်းပဲ မေးလိုက်သည်။

''ရတယ် ညနေ တစ်ခေါက်ထပ်ခေါ်လို့မှ မလိုက်ဘူး ဆိုရင် တော့ သေခန်းပြတ်ပဲ''

စကားဆုံးသွားသည်နှင့် ဇင်လင်းခန့် လှည့်ထွက်သွားသည်။ လေကားတစ်လျှောက် ခြေသံပြင်းပြင်း ဆင်းသွားသံပါ ကြားလိုက်ရသည်။

ခက်သည်။ လူတွေ က ကိုယ့်ဆန္ဒကိုပဲ ဦးစားပေးတတ်ကြသည်။ တစ်ဖက်သားကို အခွင့်အရေး မပေးချင်။

ဇင်လင်းခန့်နှင့်လိုက်ဖို့ ဆုံးဖြတ်လိုက်မိပါသည်။ တကယ်တော့ ကိုယ့်ရဲ့ ပျော်ရွှင်မှု ကို သူက ဖျက်ဆီးသွားတာ။ အခုတော့ သူ့ရဲ့ ကျေနပ် မှု အတွက် ကိုယ်က လိုက်လျောရဦးမည် ။

အခုလို သူ ဖြစ်လာရတာ မေမေ့ရဲ့ ဆုံးမစကားတွေ ကြောင့် ပါ။

သူ့စိတ်အတိုင်းသာဆို ဇင်လင်းခန့်နှင့် သူက မတူညီသော အစွန်တစ်ဖက်စီမှာ ...။

*

ကားပေါ်က ဆင်းဆင်းချင်း မြင်လိုက်ရသည့် မြင်ကွင်းတွေ က တော့ သူ့ကို ရင်သပ်ရှုမောသွားစေသည်။ ကတ္တီပါစ အရှည်ကြီး ဖြန့်ခင်း ထားသလို မြက်ခင်းစိမ်းကြီးက ပြန့်ပြူး ညီညာနေသည်။

ကျောက်သလင်း နန်းတော် ကြီးတစ်ဆောင်လို အိမ်ဖြူဖြူကြီးက ခန့်ညားလွန်းပါသည်။

"ကဲ ဘယ်လိုလဲ ကိုယ့်လူ အခုတော့ ငြင်းခဲ့မိတာကို နောင်တ ရနေပြီ မဟုတ်လား"

ဇင်လင်းခန့် အမေးကို ပြန်မဖြေ ဖြစ်။ ပြုံး ၍ သာ နေလိုက်သည်။ ကောင်းကင်တို့ ရွှေတောင်ကြားက အိမ်ထက် ဆယ်ဆမက ခမ်းနားတယ် ဆိုတာ မငြင်းနိုင်ပါ။

မြက်ခင်းစိမ်းထက်မှာ ထွန်းညှိထားသည့် ရောင် စုံမီးလုံးတွေ နှင့် အပြိုင် ရောက်နေတဲ့ ပုဂ္ဂိုလ်တွေ ကလည်း ထည်ထည်ဝါဝါ ပြုံး ပြုံး ပြက် ပြက်။ တကယ့် အဆင့်အတန်း မြင့်မြင့်တွေ ထဲကဆိုတာ သေချာ၏ ။

ကောင်းကင်ရဲ့ အဆင့်အတန်းကလည်း မသေးပါ။ ကြီးကျယ် ခမ်းနားသော မွေးနေ့ပွဲ၊ ပါတီပွဲများ စွာ ကို တက်ရောက်ဖူးပါသည်။ ဒီ လောက် ကြီးကျယ်ခမ်းနားတဲ့ မွေးနေ့ပွဲမျိုး မပါတာတော့ ဝန်ခံရမည် ။

ဇင်လင်းခန့်က သူ့ကို လက်ကုပ်ပြီး

"အဲဒါ ဒယ်ဒီ့မိတ်ဆွေ မွေးနေ့ပေါ့၊ ဟိုက အနောက်တိုင်းဝတ်စုံ အဖြူနဲ့ အစ်ကိုကြီးလေ၊ နာမည် က ကိုနှင်းဝေ တဲ့"

ခဏနေတော့ ကိုနှင်းဝေက သူတို့ကို တွေ့သွားပြီး

"ဟာ ညီလေးတို့ လာတယ်"

''ဟုတ်တယ် အစ်ကို၊ ဒယ်ဒီက အရေး ကြီးတဲ့ ဧည့်သည်တွေ နဲ့ ချိန်းထားလို့တဲ့''

''ကျေးဇူးတင်တယ် ညီ၊ ကြွရောက်အားပေးတဲ့အတွက်''

''ဟာ ရပါတယ်၊ အစ်ကိုကလည်း''

ဇင်လင်းခန့်ကပင် ပြန်အားနာနေသည့်ဟန်။ သူတို့နှစ် ယောက် အပြန်အလှန် စကားတွေ ပြောနေကြ၏ ။ ကောင်းကင်က နံဘေးက သူတို့ကို ရပ်ကြည့်နေရသည်။

ကိုနှင်းဝေက ဇင်လင်းခန့်နှင့် စကားပြောရင်း တစ်ချက်တစ် ချက် သူ့ကို ပြုံးပြတတ်သည်။ ခင်မင်ဖွယ်ကောင်း၍ မာန်မာနကင်းသူ တစ်ယောက် ဟု မှတ်ချက်ပြုမိသည်။

ဇင်လင်းခန့်က ယခုမှ သူ့ကို သတိရသွားဟန်ဖြင့် လှည့်ကြည့် ကာ မိတ်ဆက်ပေးသည်။

''သြော် ကိုကြီး ဒါက ကျွန်တော့် သူငယ်ချင်းပါ ကောင်းကင် တဲ့''

''တွေ့ရတာ ဝမ်းသာတယ်ကွာ ညီ၊ အစ်ကို့နာမည် က နှင်းဝေပါ မိတ် ဖြစ်ဆွေ ဖြစ်ပေါ့''

ကိုနှင်းဝေ လက်ဆန့်တန်းပေးတော့ သူက အလိုက်သင့် နှုတ် ဆက်လိုက်သည်။

''ဟုတ်ကဲ့ ကျွန်တော် လည်း ဝမ်းသာပါတယ်၊ ကိုကြီး''

ကောင်းကင် သတိထားမိသည်။ ကိုနှင်းဝေ အပြုံး တွေ က အလွန်သိမ်မွေ့နူးညံ့၏ ။

မျက်ခုံးထူကြီးများ က အဖျားနားကျမှ အထက်သို့ အနည်းငယ် ကော့တက်နေကြ၏ ။ သိသာထင်ရှားစွာ ကော့ချွန်နေသော နှာတံက ပွ ယောင်းဖုထစ်မှု မရှိဘဲ ပိရိကျနေသည့် နှုတ်ခမ်းများ နှင့် လိုက်ဖက်နေ ၏ ။

မျက်ဝန်းညိုညိုတွေ က ယောကျ်ားချင်းပင် ငေးရီသွားစေသည်။ တောင့်တင်းကျစ်လစ်သည့် ခန္ဓာကိုယ်နှင့် မြင့်မားသော အရပ်အမောင်း ပါ

ပေါင်းစပ်လိုက်တော့ ခန့်ညားလွန်းလှသည်။

လက်ဆွဲနှုတ်ဆက်စဉ်က သူ သတိထားမိတာ ရှိသေးသည်။ ကိုနှင်းဝေ၏ လက်ဖဝါးများ က နူးညံ့သိမ်မွေ့နေ၏ ။ လက်ချင်းထိလိုက် သည်နှင့် သူ့စိတ်ထဲမှာ အင်အားသစ်တွေ တိုးပွားလာသလို။

လက်ဆွဲနှုတ်ဆက်အပြီးမှာ ကိုနှင်းဝေ မျက်နှာအမူအရာက ရုတ်တရက် ပြောင်းလဲသွားသည်။

လက်ဖဝါးချင်း ထိတွေ့စဉ်က ကိုနှင်းဝေလည်း သူ့လိုပဲ စိတ် အာရုံက တစ်စုံတစ်ရာ ခံစားလိုက်ရသည်လား။

ကောင်းကင်၏ မျက်လုံးများ ကို တည်ငြိမ်စွာ စိုက်ကြည့်လိုက် ပြီး

"ညီလေးက ပန်းချီဆွဲလား"

ကောင်းကင် ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်ခါသွားသည်။ ကိုနှင်းဝေက သူ ပန်းချီဆွဲတာကို ဘယ်လိုလုပ် သိနေတာလဲ။ ဇင်လင်းခန့် များ ပြောပြထားသေးလား။

ဇင်လင်းခန့်ကို ကြည့်မိတော့လည်း သူ့ပုံစံက အံ့သြနေတာ သေချာသည်။ ကိုနှင်းဝေကို ပြန်လှည့်ကြည့်ရင်း အယောင်ယောင် အမှား း မှာ းဖြင့် ခေါင်းညိတ်ပြမိသည်။

"ဟုတ် ဟုတ်ကဲ့ အစ်ကို၊ ကောင်းကင်က ပန်းချီဆွဲတာ အရမ်းတော် တယ်၊ သူ့မွေးရာပါ ဗီဇဝါသနာကိုက ပန်းချီဆွဲတာလေ၊ အစ်ကိုက ဘယ်လိုသိတာလဲဟင်"

"သြော် ဘာရယ်မဟုတ်ပါဘူး၊ ညီလေးတို့ ဝင်လာကတည်းက အစ်ကို လှမ်းကြည့်နေတာ၊ ဒီညီလေးက ကိုယ် ပြင်ဆင်ထားတာတွေ ကို စိတ်ဝင်စားဟန် ရှိတယ်လေ၊ ပြီးတော့ လက်ဖဝါးတွေ ကလည်း အင်မတန် နူးညံ့ပြီး ထိလိုက်တာနဲ့ တစ်ခုခု ခံစားမိသလိုပဲ ဒါကြောင့် ပါ"

"ဒါဆို အစ်ကိုက"

ကောင်းကင် တအံ့တသြ ရေရွတ်မိသည်။ ကိုနှင်းဝေက နူးညံ့ စွာ ပြုံး ပြပြီး

''ဟုတ်တယ် အစ်ကိုလည်း ပန်းချီဆွဲတယ်၊ မွေးရာပါ ဗီဇ ဝါသနာပေါ့''

ကောင်းကင် ဘာကြောင့် မှန်းမသိ ပျော်ရွှင်သွားမိသည်။ ကိုနှင်း ဝေ လက်များကို ခပ်တင်းတင်း ဆုပ်ကိုင်၍ လှုပ်ရမ်းနေမိသည်။

ဝါသနာတူခြင်း မိတ်ဆွေလာ ဖြစ်ရတာ ကိုက သူ့အတွက်တော့ ကံကောင်းမှု တစ်ခု ဖြစ်သည်။

မျက်ဝန်းမှတစ်ဆင့် ကိုနှင်းဝေနှင့် စကားပေါင်းများ စွာ ပြော ဖြစ်ခဲ့ပါသည်။ ကိုနှင်းဝေ မျက်ဝန်းထဲမှာ လည်း သူ့ကို လိုလားဟန် အပြည့်။

''ညီလေး အစ်ကို့လက်ရာတွေ လေ့လာချင်လား''

ဟု ကိုနှင်းဝေက သူ့ကိုမေးတော့ ဟန်ပင်မဆောင်နိုင်ခဲ့ပါ။

''လေ့လာချင်တာပေါ့ အစ်ကိုရာ၊ ကျွန်တော့် ပတ်ဝန်းကျင်မှာ ကျွန်တော့်ကို တစ်ယောက် မှ နားမလည်ကြဘူးလေ''

သူ့စကားကြောင့် ကိုနှင်းဝေ တဟားဟား ရယ်သည်။ ဘာပဲ ဖြစ် ဖြစ် သူ ပျော်ရွှင်မိသည်။

အခုတော့ သူ ပြောချင်တာ ပြောခွင့်ရတော့မည် ။ ကိုနှင်းဝေက သူ့ကို သီးသန့်လာလည်ဖို့ ဖိတ်ခေါ်တော့ သူ လိုလားစွာ ခေါင်းညိတ်မိ သည်။

*

# အခန်း (၅)

ကြမ်းခင်းတွေ က ကိုယ့်အရိပ်ကိုယ် ပြန်မြင်ရအောင် တောက်ပြောင်လွန်းပါသည်။ အနီရင့်ရင့် ဆိုဖာရောင် များ က ကြမ်းခင်းနှင့် တပြေး တည်း။

ခန်းဆီးလိုက်ကာ အားလုံးကိုတော့ အဖြူရောင် တပ်ဆင်ထား သည်။ ကနုတ်ပန်းဆွဲတွေ နှင့် ပြည့်နှက်နေသည့် လှေကားလက်ရမ်းတွေ ၊ ပရိဘောဂပစ္စည်းတွေ အားလုံးက ငေးမောမဆုံး။

နံရံတွေ ကတော့ သူ့စိတ်ကို အဆုံးစွန် အဖမ်းစားနိုင်ဆုံးပဲ ဖြစ်သည်။ သူ နှစ် ခြို က်သော ပန်းချီကားချပ်တွေ က နေရာလွတ်မရှိ အောင် အပြည့်။

''လာ ညီလေး''

''ဟုတ် ကဲ့''

ကိုနှင်းဝေ၏ ဖိတ်ခေါ်မှု ဖြင့် သူ ရောက်ရှိနေခဲ့ခြင်း ဖြစ်ပါသည်။ ကိုနှင်းဝေက သူ့ကို ရှင်းပြနေသည်။ ခဏနေတော့ ကိုနှင်းဝေ ဖိုက်ကို ဖိနှိပ်ရင်း

''ညီ ခဏ ကြည့်နှင့်ဦးနော်၊ ကိုယ် တွိုင်းလက် ဝင်လိုက်ဦး မယ်''

ကိုနှင်းဝေ ထွက်ခွာသွားတော့ သူ တစ်ယောက် တည်း ကျန်ခဲ့ သည်။ ပန်းချီကားချပ်တွေ ကို စိတ်ဝင်တစား သေချာလိုက်ကြည့်မိသည်။

အံ့ဩဖို့ကောင်းသည်က ပန်းချီလက်ရာများ သည် သူ့အိပ်မက် များ နှင့် ခပ်ဆင်ဆင်။ များ သော အားဖြင့် မျဉ်းကွေးများ ဖြင့် ရုပ်ယှက်ခတ် နေတတ်၏ ။

စိတ်ကျဉ်းကျပ်မှု ကို ဖော်ဆောင်နေသည်။ ပန်းချီဆွဲသူ အချင်း ချင်းတော့ နားလည်ခံစားနိုင်မည် ဖြစ်သည်။

ပန်းချီကားတစ်ချပ်က မြေသားဆန်ဆန် အရောင် ရင့်ရင့်ပေါ်မှာ သစ်ရွက်ကလေးတစ်ရွက်၏ သေဆုံးမှု ကို ဖော်ပြနေသည်။ တော် တော်

လက်ရာမြောက်ပါသည်။

ပထမက ဇင်လင်းခန့်ကို မကျေနပ်မိပေမယ့် ယခုအချိန်မှာ တော့ ကျေးဇူးပင်တင်မိသေးသည်။

ဟုတ်တယ်လေ ဇင်လင်းခန့်သာ မခေါ်လျှင် အခုလို အခွင့် အရေး မျိုး ကို ရရှိမှာမဟုတ်။

ပန်းချီကားတွေ က ကောင်းကင်၏ စိတ်ကို ညှို့ ငင်ထားသည်။ ဘယ်ပန်းချီကားကိုကြည့်ကြည့် ပန်းချီဆွဲသူ၏ သက်ဝင်မှု နှင့် ကိုယ်ပိုင်ဟန် တွေ ရှိနေသည်။

ပတ်ဝန်းကျင်ကို မေ့လျော့လျက် ကောင်းကင် စျာန်ဝင်စားနေ မိသည်။

နောက်ကျောဆီမှ အေးခနဲ ဖြစ်သွားပြီး ကြက်သီးမွေးညင်း တွေ ထလာသည်။ ဘာ ဖြစ်တာပါလိမ့်ဟု ရေရွတ်မိသည်။

ရုပ်ပြေးသွားသော အသံလိုလို ကြားလိုက်ရ၏ ။

ပခုံးပေါ်ရောက်လာသော အထိအတွေ့ကြောင့် လန့်ဖျပ်သွားမိ သည်။ လှည့်ကြည့်တော့ ကိုနှင်းဝေ။

"ဘယ်လိုလဲ ငါ့ညီ၊ အစ်ကို့လက်ရာအပေါ် ငါ့ညီ အမြင်ကို ပြောပါဦး"

"ဟုတ် ဟုတ်ကဲ့ အာရုံ ခံစားမှု အရမ်းကောင်းပါတယ်"

"ဟား ဟား ငါ့ညီက မြှောက်နေပြန်ပြီ"

သူ့အဖြေကို ကိုနှင်းဝေက သဘောကျစွာ ရယ်မောနေပြန် သည်။ ကိုနှင်းဝေနှင့်ပတ်သက်ပြီး သုံးသပ်ရ ခက်ပါသည်။

ပဟေဠိဆန်သော လူ တစ်ယောက် ဟုပဲ မှတ်ချက်ပြုမိသည်။ ကိုနှင်းဝေ နေအိမ်ကြီး ကတော့ သူ့အတွက် ရင်ခုန်မှု တွေ ဖြင့် ပြည့်နှက်နေသည်။

ကိုနှင်းဝေ အိမ်သို့ သွားလည်ပြီးနောက်ပိုင်းမှစ၍ သူ မြင်မက် နေသည့်

အိပ်မက်တွေ က မက်နေကျ အိပ်မက်များ မဟုတ်တော့။

တောင်တန်းတွေ ပင်လယ်တွေ မပါ။ ဆန်းသစ်သော အိပ်မက် တစ်ခုသည် ရိုးသားစွာ ရောက်ရှိခဲ့၏ ။

အိပ်မက်ထဲတွင် သူ ကိုယ်တိုင်ပါဝင်နေသည်။ တစ်စုံတစ် ယောက် ဟု ထင်ရသည့် အဖြူရောင် အရိပ်ကလေးသည် ဝေ့ခနဲ ဖြတ် လျှောက်သွား၏ ။

အိပ်မက်ထဲတွင် သူ့စိတ်က တစ်စုံတစ်ရာကို တုန်လှုပ်နေ၏ ။ ဘာလဲဆိုတာတော့ သေချာမပြောတတ်။

ကိုနှင်းဝေ အိမ်မှာ ကြုံခဲ့သလို အနားမှ တစ်စုံ တစ်ယောက် ဖြတ်သွား၍ လေတိုးသွားတာမျိုး ။

အိပ်မက်တွေ ကို ရှုံးသွပ်သော သူသည် ထိုအပ်မက်က နိုးထ လာတိုင်း ဘာကိုမြင်မက်မှန်း ရေရေရာရာ မသိ။

တစ်နေ့ကုန်အောင် အဖြေရှာနေမိသည်။

အိပ်မက်အကြောင်းကိုပဲပေါ့...။

*

# အခန်း (၆)

''မနေ့တုန်းက ဇင်လင်းခန့်နဲ့ မွေးနေ့ပွဲ လိုက်သွားတယ်ဆို''

''အင်း''

မေမေ ပြောတာလား ဇင်လင်းခန့် ပြောတာလားဟု ကောင်း ကင် မေးမနေချင်ပါ။ အဖြူရောင် ကိုပဲ ခေါင်းညိတ်ပြမိ၏ ။

''မနေ့တုန်းက ငါ လာသေးတယ်''

အဖြူရောင် က ပြောသည်။ ဒါဆို မေမေ ပြောတာပဲ ဖြစ်လိမ့် မည် ။ သူ ဖြေရှင်းချက် မထုတ်ချင်ပါ။ အဖြူရောင် ကလည်း ခံစားနေ မည် ဟု မထင်။

''ဇင်လင်းခန့်တို့ ဆွေမျိုး ထဲကလား''

ပေါက်ပေါက်ရှာရှာ လာမေးနေပြန်သည်။ သူမ အမေးကို ကောင်းကင် မဖြေချင်ပါ။ သူ၏ စိတ်တွေ က လန်းဆန်းခြင်း မရှိ။ ညစ် ထေးထိုင်းမှိုင်းနေသည်။

''အင်း''ဟု တစ်လုံးတည်း ပြန်ဖြေမိပြန်သည်။ အဖြူရောင် မျက်ဝန်းလေးတွေ ဟိုဒီရွေ့လျားနေ၏ ။ သူ ထင်ထားသလို အဖြူရောင် ထကော မထတာတော့ သေချာနေပြန်သည်။

စိုးရိမ်ခြင်းတွေ လျှက်သန်းနေသည့် သူမ မျက်နှာလေးက ချက်ချင်း တည်သွားပြီး သူ့အနားမှာ ရွှေ့၍ ဝင်ထိုင်သည်။

''နင် နေမကောင်းဘူးလား ကောင်းကင်''

သူမ အမေးကို ကောင်းကင် မဖြေပါ။ သူ့အသွင် ကတော့ ညှိုး ရော်ရော်။ ကိုယ့်ကိုကိုယ်တောင် မတွေ းတတ်တော့ဘူးလား ကောင်း ကင်။

တစ်ခါတစ်ရံ အဖြူရောင် စိတ်ညစ်မိတာ ဒါပဲ ဖြစ်သည်။ ကောင်းကင်က နားလည်ရခက်ပါသည်။ ဘာပဲ ဖြစ် ဖြစ် အဖြူရောင် ဘက် က ခွင့်လွှတ်မိတာတော့ အမှန်။

"နင့်ကို လာခေါ်တာ ကောင်းကင်ရဲ့၊ ငါတို့တွေ အားလုံး သင်တန်းပိတ်ရက်မို့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတယ်၊ နင် နေမကောင်း ရင်လည်း မလိုက်ပါနဲ့တော့"

အဖြူရောင် ပြောမှ သူ သတိရသည်။ သမ္မတရုံမှာ ရုပ်ရှင် ကြည့်ဖို့ သူတို့ ချိန်းခဲ့သည်ပဲ။ ဒါပေမဲ့ ကောင်းကင် မသွားချင်ပါ။ သူ့ကို ညက အိပ်မက်က စိုးမိုးထားသည်။

"ဟုတ်တယ် ငါ ဒီနေ့ ဘယ်မှမသွားချင်ဘူး"

"ကောင်းပြီလေ၊ ဒါဆို ငါ သွားတော့မယ်"

အဖြူရောင် သူ့ကိုနှုတ်ဆက်ပြီး ထွက်ခဲ့သည်။ ကားတံခါးကို ဖွင့်ပြီး စက်နှိုးမောင်းထွက်လာသည်။

ကောင်းကင်ရယ် နင်ဘာတွေ ဖြစ်နေတာလဲ။ ဖြစ်နိုင်မယ်ဆိုရင် နင့်နေရာမှာ ငါ ဝင်ခံစားပေးချင်ပါတယ်။

သူမ သက်ပြင်းမောကို ရှိုက်သွင်းမိသည်။ ကောင်းကင် ဘာတွေ ဖြစ်နေနေ သူမ စိတ်မဆိုးမိပါ။ ဘာ ဖြစ်လို့လဲဆိုတော့ ကောင်း ကင်ကို သူမ...။

အပြစ်မမြင်ရက်ပါဘူး ကောင်းကင်ရယ်။

*

ပတ်ဝန်းကျင်သည် မှိန်ဖျော့ဖျော့ အလင်းရောင် နှင့်အတူ ငြိမ်း ချမ်းစွာ တိတ်ဆိတ်လျက် မဟူရာ ကောင်းကင်ထက်မှာ စိန်ပွင့်သဏ္ဍာန် ကြယ်စင်လေးတွေ က ပြိုး ပြိုး ပျက်ပျက်။

နှင်းမှု န်များ က တဖွဲဖွဲကျဆင်းနေကြသည်။ အေးစိမ့်သော အတွေ့က ကျောရိုးထဲထိ စူးနစ်နေသည်။

မီးခိုးရောင် ခန်းဆီးလိုက်ကာများ လှုပ်ရမ်းနေတာကို ကြည့်ပြီး အအေးဓာတ်နှင့် ဆန့်ကျင်ကာ ချွေးစို့လာသည်။

ချောက်ချားဖွယ်ရာ အခြေအနေတွေ က သူ့အခန်းထဲမှာ ဘာ ကြောင့် များ ဖုံးလွှမ်းနေရတာ လဲ။

ကိုယ့်ကိုကိုယ် နားလည်လို့မရ။ အ ဖြစ်အပျက်က ဆန်းကြယ် သည်။ လေချွန်သံများ တိခနဲ ရပ်ကျသွားသည်။ သူ့အခန်းသည် နီကျင် ကျင် အရောင် မှ စိမ်းဖျော့ဖျော့ကလေး ဖြစ်သွားသည်။

အိပ်ရာထက်မှ ဖြည်းညင်းစွာ ဆင်းသက်လိုက်သည်။ ထိုအ ဖြစ် အပျက်ကို လေ့လာဖို့အတွက်ပင်။

ထိုအခိုက် နောက်ကျောဘက်ကမှ တစ်စုံ တစ်ယောက် ဖြတ်ပြေး သွားသလို ခံစားမိသည်။

ချက်ချင်း လှည့်ကြည့်မိ၏ ။ ဘာမျှမရှိ။ ထပ်၍ ဖြတ်ပြေးသွား ပြန်သည်။ လှည့်ကြည့်တော့ ဘာမှမရှိပြန်။

''ဘယ်သူလဲ''

နေရာအနှံ့ကို ရှာဖွေရင်း မေးလိုက်သည်။ တိတ်ဆိတ်ခြင်းက လွဲ၍ ဘာမှမရှိ။ ဘယ်သူကများ သူ့ကို အရူးလုပ်နေတာလဲ။

ကိုယ့်ရင်ခုန်သံ တဒိတ်ဒိတ်ကို ပြန်ကြားနေရသည်။

''ဘယ်သူလဲလို့ မေးနေတယ်၊ သတ္တိရှိရင် ထွက်လာခဲ့''

သူ ကြောက်ရွံ့စိတ်ဖြင့် စိန်ခေါ်နေမိပြန်သည်။ တဒင်္ဂ ငြိမ်သက် သွားပြီး

လေတိုးသံတွေ ဆက်တိုက် ကြားလိုက်ရပြီး တိုးလျလျ ရယ် မောသံ တချို့ ကြားလိုက်ရသည်။ သူ့စိတ်က ကြားနေတာလား တကယ် လား။

သူ့စိတ်တွေ လေးလံလာသည်။

''ခင်ဗျား ဘယ်သူလဲ''

ရယ်သံတွေ ရပ်တန့်သွားပြီး သူ့မျက်ဝန်းထဲမှာ ရိပ်ခနဲ ရိပ်ခနဲ အရိပ်တစ်ခု။

သူ့လက်တွေ ကို အားကုန် ဝှေ့ယမ်းနေမိသည်။

''ဒုန်း''

''ဒေါက် ဒေါက် ဒေါက်''

''ဟဲ့ သား ဘာ ဖြစ်တာလဲ ဘာ ဖြစ်တာလဲ''

သူ လန့်နိုးသွားသည်။ မေမေက တံခါးကို တဒေါက်ဒေါက် ခေါက်၍ စိုးရိမ်တကြီး မေးနေသည်။

''ဘာမှမ ဖြစ်ဘူး မေမေ၊ သား အိပ်မက် မက်နေတာ''

''ဩော် ဒီကလေးနဲ့ ရှုးလည်းရှုးပါ့ကွယ်''

မေမေ တဖျစ်တောက်တောက် ရေရွတ်ပြီး ထွက်ခွာသွားသံကို ကြားလိုက်သည်။ အိပ်မက်အကြောင်း တွေးမိတော့ တုန်လှုပ်မိပြန်သည်။

''ဟူး ဒီလို အိပ်မက်မျိုး တွေ ဘာကြောင့် ခဏ ခဏ မက်နေ ရတာ လဲ''

အသံထွက်၍ ပင် ညည်းညူမိသည်။ ယခင် သူ မက်ခဲ့တဲ့ အိပ်မက်တွေ က ဆွတ်ပျံ့ကြည်နူးဖွယ်ရာတွေ သာ။ ထိတ်လန့်ဖွယ် အိပ်မက် တွေ ကိုသာ နောက်ပိုင်းမက်နေတာ စဉ်းစားမရ။

တော် တော် ထူးဆန်းတာပဲ။

*

# အခန်း (၇)

"မ ဖြစ်နိုင်ပါဘူးကွာ၊ မင်းဟာမင်း သွေးလေချောက်ချားပြီး မက်တာ ဖြစ်မှာ ပေါ့"

"မဟုတ်သေးဘူးလေကွာ၊ နှစ် ရက်ဆက်တိုက်တောင် ဒီလို ထပ်ဖြစ်နိုင်ပါ့မလား၊ ပြီးတော့ ငါ့အိပ်မက်ထဲမှာ အပြင်မှာ လက်တွေ့ ဖြစ်သလိုလို ခံစားနေရတာ "

"အေးလေ မင်းက အိပ်မက်တွေ ကို ရူးသွပ်နေသူ တစ်ယောက် ပဲ၊ အိပ်မက်အတိုင်း အပြင်မှာ လိုချည်း ပြောမှာ ပေါ့"

"မင်းတို့ ပြောတာ မဟုတ်သေးဘူး"

"ဟုတ်ကို ဟုတ်တယ်ကွာ"

သူက တစ်ဖက်၊ ဇင်လင်းခန့်၊ ရာဇာနှင့် မင်းသွေးတို့က တစ်ဖက် တိုက်ပွဲက ပြင်းထန်လာသည်။

ဒီကောင်တွေ က သူ့ကို အိပ်မက်များ နှင့် ရူးသွပ်နေသူ တစ် ယောက် ဟု သတ်မှတ်ထားကြသူတွေ ။ ဘယ်သော အခါမှလည်း အယုံ အကြည် ရှိမှာ မဟုတ်။

အိပ်မက်အကြောင်း စကားစလိုက်တာနှင့် သူ့ကို ဝိုင်းနှိပ်ကွပ် ဖို့ တိုင်ပင်စရာမလိုပေ။

အိပ်မက်ကိစ္စကလွဲလို့ အားလုံးက သူငယ်ချင်းကောင်း ပီသ ကြသူတွေ ပဲ ဖြစ်သည်။ ဒါကို နားလည်မိပေမယ့် ဒီတစ်ကြိမ်တော့ အလျှော့ပေးဖို့ မစဉ်းစားမိ။

"တော် ကြပါတော့ဟာ တော် ကြပါတော့၊ ဟုတ်တယ်လို့ပဲ သဘောထားပြီး ကောင်းကင်ရဲ့ အိပ်မက်ကို နားထောင်ပြီး ဝေဖန်ပေး လိုက်ကြတာပေါ့၊ ဒါမှ အငြင်းအခုံ သက်သာမှာ "

ယမင်းက ဝင်၍ ငြိမ်းချမ်းရေး တရားဟောလိုက်မှ ဟိုသုံး ကောင်လည်း

ငြိမ်သက်သွားသည်။ ဒါပေမဲ့ သူတို့ပုံစံတွေ ကတော့ အလို မကျဟန် အပြည့်။

"ကဲ အဲဒီ အိပ်မက်ထဲက အဖြူရောင် အရိပ်ဟာ ကောင်းကင် ထင်သလို တစ်စုံ တစ်ယောက် ဖြစ်တယ်ဆိုရင် ဘယ်သူ ဖြစ်နိုင်မလဲ ပြောကြစမ်း"

ယမင်းက အားလုံးကို ဝေ့ဝိုက်ကြည့်ပြီး မေးဆတ် မေးသည်။ ယမင်းက အားလုံးကို ဝေ့ကြည့်နေပြန်၏ ။

ယမင်းရဲ့ မေးခွန်းကို ဖြေဖို့ မျက်လုံးများ သည် ကွန်ယက် သဖွယ် ဆက်စပ်သွားကြသည်။

"ထားလိုက်ပါတော့လေ ငါ့အထင်တော့ သူ့ဟာသူ မက်တဲ့ အိပ်မက်ပဲ ဖြစ်မှာ ပေါ့"

ရာဇာက ဖြေသည်။ ကျန်နှစ် ယောက် ကလည်း သူ့အဖြေ အတိုင်းပင်။

"ဟုတ်တယ်လေ ငါတို့လည်း တစ်ခါတစ်ရံ မက်ဖူးတာပဲ၊ ဆန်းတာမှတ်လို့ ပြီးတော့လည်း အိပ်မက်ပဲဆိုပြီး နေလိုက်တာပဲ"

"ငါ ကတော့ သရဲတစ္ဆေတွေ အကြောင်း အိပ်မက် မက်တာလို့ ယူဆတယ်"

"တော် စမ်းပါ ဝသုန်ရယ်၊ အိပ်မက်ထဲထိတော့ ဘယ် သူရဲက ညတိုင်း အားအားယားယား လာခြောက်မလဲ"

ယမင်း လှည့်ဟောက်လိုက်တော့ ဝသုန် ဇက်ကလေး ပုသွား သည်။ မေမိုးက ဟိုးအဝေးဆီသို့ ငေးရီရီ ကြည့်ပြီး ခေါင်းကို ခါလိုက် သည်။ ပြီးတော့မှ တံတွေ း တစ်ချက် မြို လိုက်ပြီး

"အိပ်မက်တွေ ရဲ့ ထူးခြားဆန်းကျယ်မှု ကို ငါတော့ ယုံတယ်၊ တချို့ ဆို အိပ်မက်တွေ ရဲ့ စိတ်နယ်လွန် ဖြစ်ရပ်တွေ တောင် ရှိသေးတာပဲ၊ ဥပမာ တိုက်တန်းနစ် သင်္ဘောကြီး နစ်မြုပ်မှာ ကို အိပ်မက်နဲ့ ကြိုတင် သိရှိတဲ့ လူလိုမျိုး ပေါ့၊ ရှေ့ ဖြစ်မယ့် အရာကို ဆင့်မ အာရုံက အိပ်မက် အ ဖြစ် နိုးကြားသိမြင်နေတာ ဒါမျိုး က မယုံလို့လည်း မ ဖြစ်ဘူး"

မေမိုးက ချက်နဲ့လက်နဲ့ ကျမ်းကိုးကျမ်းကားနဲ့ ရှင်းပြနေသည်။ မေမိုး ပြောနေတာကိုကြည့်ပြီး ကောင်းကင် အားတက်လာမိသည်။

''ဒါဆို ငါ့အိပ်မက်တွေ က ရှေ့ဆက် ထူးခြားလာနိုင်တာပေါ့ နော်''

''အင် ဒါတော့ ငါလည်း မသိဘူးလေ၊ အိပ်မက်တွေ ရဲ့ ထူးခြား မှု ကို ငါ ဖတ်ထားမိသလောက် ပြောပြတာ''

ကောင်းကင် စိတ်ပျက်သွားရပြန်သည်။ ဆရာကြီး လုပ်ပြီး လျှောချသွားသော မေမိုးကို ကြည့်ပြီး ဟိုကောင်တွေ ကတော့ ပြုံး စိစိ။

အဖြူရောင် ကတော့ စကားဝိုင်းထဲမှာ လုံးဝ ဝင်မပါ။ မျက်လွှာ ကလေး ချလျက် နားထောင်သမား သက်သက်သာ။

သူမနှင့်ကောင်းကင်က ဟိုးငယ်ငယ်လေးကတည်းက ပေါင်း လာကြတဲ့ သူငယ်ချင်းတွေ ။ ကောင်းကင်ကို နားအလည်နိုင်ဆုံးကလည်း သူမပါပဲ။ ကောင်းကင်ရဲ့ အိပ်မက်တွေ က သူမ အတွက်တော့ ရိုးအီနေ ခဲ့ပြီ။

ကောင်းကင်အကြောင်း သိနေတော့ သူမ ကတော့ အမြဲတမ်း အလျှော့ပေးခဲ့သည်ချည်းသာ။

ကောင်းကင်တို့ အိမ်သွားလည်တိုင်း ကောင်းကင် သူမကို စပြောလာတာ ကတော့ အိပ်မက်တွေ အကြောင်းသာ။

''ညက ငါ အိပ်မက် မက်တယ်၊ သိပ်ကို လှပတဲ့ ပင်လယ်ပြင် ကြီး၊ ငါက လှေကြီးတစ်စီး စီးပြီး ရွက်လွှင့်နေတာ''

ကောင်းကင်က သူ့အိပ်မက်တွေ အကြောင်း ပြောနေရလျှင် ထမင်းမေ့ ဟင်းမေ့။ သူက သူ ပြောလျှင်လည်း နားထောင်မှ နှစ်သက် သည်။ စိတ်မပါဘဲ နားထောင်ခဲ့ရတာ မနည်းလှပါ။

ကောင်းကင် စိတ်ဆိုးမှာ ကိုတော့ အဖြူရောင် ကြောက်သည်။

"သမီးရေ အန်တီကိုယ်စား သား အိပ်မက်အကြောင်း နား ထောင်ပေးလိုက်ပါဦးကွယ်၊ ဒီမှာ အန်တီ ဟင်းအိုးတည်မလို့"

ကောင်းကင် မေမေ အကူအညီတောင်းတိုင်း အဖြူရောင် က မငြိုမငြင်ခေါင်းညိတ်ခဲ့သည်။ ဒါကြောင့် လည်း သူမနှင့်သဘောတူခဲ့တာ ဖြစ်ပါလိမ့်မည် ။

"အဆုံးမရှိ ရေပြင်ကျယ်ကြီးမှာ ငါက စိတ်ဓာတ်ခွန်အားနဲ့ ရွက်လွှင့်နေခဲ့တာ"

"ဒါကို ပန်းချီရေး ဦးမှာ လား"

"ဒါပေါ့ စိတ်ကူးကြည့်ရုံနဲ့ ဘယ်လောက် လှလိုက်မလဲ"

ကောင်းကင်က များ စွာ သော အိပ်မက်တွေ ကို ပန်းချီကား အ ဖြစ်ပြောင်းလဲလာခဲ့တာ ယခုအချိန်ထိ ဖြစ်သည်။

ဘာပဲ ဖြစ် ဖြစ် သူ့ရဲ့ အလွန်အကျူး ခံစားမှု တွေ က အခြားသူ အဖို့ ကတော့ စိတ်အနှောင့်အယှက် ဖြစ်မှာ သေချာသည်။

သူမနှင့်ကောင်းကင် အမေ အန်တီမြင့်မြတ်အေးကလွဲလို့ပေါ့။ ကောင်းကင်ကရော ဒါကို ဘာကြောင့် မစဉ်းစားမိရတာ လဲ။

အခုလည်း ကြည့်လေ၊ ကောင်းကင်ကလည်း ဇင်လင်းခန့်တို့ကို ဖွတ်ပြောနေသည်။ ဟိုကောင်တွေ ကလည်း ဘုကန့်လန့်သမားတွေ ။

"တော် စမ်းပါကွာ၊ မင်းဟာ သိပ်ကို စိတ်ကူးယဉ် ဆန်လွန်း တယ် ကောင်းကင်၊ အိပ်မက်နေတုန်း မက်တဲ့အိပ်မက်ပဲ၊ ဘာထူးခြား စရာ ရှိလို့လဲ၊ အဓိပ္ပါယ်မရှိတဲ့ ဟာတွေ "

တဖြည်းဖြည်းနှင့် အခြေအနေက မာထန်လာသည်။ မင်းသွေး လည်း မမှာ းပါ။ ကောင်းကင်၏ ရှုးသွပ်မှု က သူ့ကို အနှောင့်အယှက် ဖြစ်စေသည်ပဲ။

ကောင်းကင်ကလည်း မလျှော့။ အရင်က အလျှော့ပေးတတ် ပေမယ့် အခုမှ ကောင်းကင် ဘာတွေ ဖြစ်နေသလဲ။

''ဘာ ဖြစ်လဲကွာ ငါ့ဟာငါ အမိပွါယ် ရှိရှိ မရှိရှိ''

ဖြူဖွေးသော ကောင်းကင် မျက်နှာက နီမြန်းလျက် ခွန်းတုံ့ ပြန်နေသည်။ ကောင်းကင် တော် တော် စိတ်ဆိုးနေပြီ။

''တော် ကြပါတော့ဟာ တောင်းပန်ပါတယ်၊ ငယ်ပေါင်းတွေ ပဲ၊ ဒီလောက်ထိတော့ မ ဖြစ်ကြပါနဲ့''

ကော်ဖီဘားလေးထဲမှာ ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ မင်း သွေးနှင့် ကောင်းကင် တစ်ယောက် တစ်ခွန်း စကားများ ကြသည်။ မေမိုး တို့ အဖြူရောင် တို့ ဝင်တားတာ အချိန်မီလေးပင်။

အဖြူရောင် ငိုချင်စိတ်ပင် ပေါက်မိသည်။ ကောင်းကင်ရယ် နင်ဟာ အခုမှ အလျော့မပေးချင်ရလောက်အောင် နင့်အိပ်မက်က ဘာ ဖြစ်နေလို့လဲ။

ကောင်းကင် ကတော့ သူမ အသံကို ကြားနိုင်မည် မဟုတ်။

စိတ်ထဲမှာ ရေရွတ်နေမိတာပါ။

*

# အခန်း (၈)

အိပ်မက်ထဲတွင် သူ အိပ်ပျော်ချင်ယောင်ဆောင်လိုက်သည်။ သူ့ကို ခြောက်လှန့်နေသည့် အရိပ်ပိုင်ရှင်ကို စောင့်ကြည့်ဖို့ဖြစ်သည်။ သူ ဘယ်သူလဲ ဘယ်ကလဲ။

ဘာကြောင့် သူ့အခန်းထဲထိ ရောက်လာရတာ လဲ။ ဒီညတော့ သူ့အတွက် တစ်ခုခုတော့ သိတန်ကောင်းပါရဲ့။

မဟုတ်ရင်တော့ မနက်ဖြန် တစ်နေ့လုံး ဒေါသထွက်နေတော့မှာ သေချာသည်။ သိတန်ကောင်းပါရဲ့။

မဟုတ်ရင်တော့ သူက အိပ်မက်တွေ ကို ရှုးသွပ်သူ တစ်ယောက် ဆိုတာ မှန်ပါသည်။ ဒါပေမဲ့ ဒီလိုအိပ်မက်မျိုး ကို နှစ် ခါဆက်တိုက် မက် တယ်ဆိုတာမျိုး ကိုက သူ့အတွက် သံသယဝင်စရာ။

ဒီညသည် သုံးရက်မြောက်သော ည ဖြစ်သည်။ သူ့အတွက် ရေရာသော အဖြေတစ်ခုရဖို့ အစွမ်းကုန် ကြိုး စားအားထုတ်ရမည် ။

ဘယ်နည်းနှင့် မျှ သူ အမှာ းအယွင်း မခံနိုင်ပါ။ ဇင်လင်းခန့်တို့၏ ပြောင်ချော်ချော် မျက်နှာပေးတွေ ကို မြင်ယောင်ရင်း အံကိုတင်းတင်း ကြိတ်ထားမိသည်။ ဟော သူ ရောက်လာပြီ ထင်သည်။

ပတ်ဝန်းကျင်သည် ငြိမ်သက်နေရာမှ ချက်ချင်း ဆိုသလို လေ တွေ တိုက်ခတ်လာ၏ ။ ပြီးတော့ အာရုံငါးပါးတို့ တိုးတိုးလာထိတွေ့တဲ့ ရနံ့တစ်မျိုး ။

''ရှပ် ရှပ် ရှပ်''

ခြေသံတွေ ကြားနေရသည်။ သူ ဟန်မဆောင်နိုင်တော့ဘဲ ဆတ်ခနဲ ထထိုင်လိုက်မိသည်။

ဘာဆို ဘာမျှမရှိ။ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲတွင် တိုးညင်းစွာ

တိုက်ခိုက်နေသည့် လေပြည်တွေ သာ ရှိသည်။ မီးခိုးရောင် ခန်းဆီးစတွေ က တဖျပ်ဖျပ် လူးလွန့်ကခုန်လျက်။

ရယ်သံ တိုးသဲ့သဲ့ ကြားရပြန်သည်။ စိတ်က ထင်နေတာလား။ တကယ် ဖြစ်ပျက်နေတာလား။ နဖူးမှာ ချွေးစတွေ စို့လာသည်။

အို ဘာပဲ ဖြစ် ဖြစ် ဒီညတော့ တိတိကျကျကို သိမှ ဖြစ်မယ်ဟု စိတ်ကို တင်းမိသည်။ ပြီးတော့ တံတွေ းတစ်ချက် မြို့ချရင်း

''ခင် ခင်ဗျား ဘယ်သူလဲ''

ချောက်ချားမှု ကြောင့် သူ့အသံက တုန်ခါသွားသည်။ ရယ်သံ များ က နေရာအနှံ့မှ ပေါ်ထွက်လာနေသလို ခံစားရသည်။

သူ့ရင်ဘတ်တွေ က ဖားဖိုတစ်ခုလို နိမ့်ချည်မြင့်ချည်။

''ဆတ်ပြီး ခြောက်လှန့်မနေပါနဲ့တော့၊ ခင်ဗျား ဘယ်သူလဲ''

စိတ်တွေ တင်းကြပ်လျက် အသံကုန် အော်ပစ်လိုက်မိသည်။ အခန်းထဲရှိ အလင်းရောင် ပျပျက အစိမ်းရောင် ယှက်ဖျာသွားသည်။

အလင်းသည် အမြင်အာရုံတွေ ကို မပီဝိုးတဝါး ဝေဝါးသွားစေ သည်။ နားထဲတွင် အမည် တစ်ခုကို ရှင်းလင်းပီသစွာ ပြန်ပြောတာ ကြားလိုက်ရသည်။

ကျွန်မ ကြယ်ကြွေ တဲ့...။

*

''ကြယ်ကြွေ''

သူ့ပါးစပ်က ထိန်းချုပ်ခြင်းမဲ့စွာ လွှတ်ခနဲ ထွက်သွားသည်။ ဝိုင်းဖွဲ့စကားပြောနေရာမှ သူ့အသံကြောင့် တိခနဲ ရပ်သွားပြီး အားလုံး ရဲ့ မျက်ဝန်းအကြည့်တွေ က စုပြုံလာသည်။

"ဘာလဲ ကြယ်ကြွေ "

"ဘယ်သူ့ကို ပြောတာလဲ"

"ကောင်မလေး တစ်ယောက် လား"

တစ်ယောက် တစ်ပေါက် ဝိုင်းမေးကြသည်။ အဖြူရောင် အ ကြည့်တွေ က အံ့သြမှု တွေ ဖုံးလွှမ်းလျက် အဖြူရောင် မျက်ဝန်းထဲက အမိပ္ပါယ်တွေ ကို သူ နားလည်နေသည်။ ကြောင်တွေ တွေ ဖြင့် သူ့ကို အားလုံးက ဆူညံစွာ ဝိုင်းမေးနေကြ သည်။ ညက အိပ်မက်ထဲက နာမည် ကို သူ ရေရွတ်လိုက်မိတာပဲ။

ရုတ်တရက် ဘယ်လိုဖြေရှင်းရမလဲ သူ မသိ။

"ဘာလဲ ကြယ်ကြွေ"

ကိုယ်ကတောင် မေးခွန်းပြန်ထုတ်သလို ဖြစ်နေတော့ အားလုံး ကြောင်သွားကြ၏ ။ သူတို့မျက်နှာတွေ က ဒါက ဘာသဘောလဲဟု မေးနေ သယောင်။

"ဘုရားရေ နင်ပဲပြောတာလေ၊ ကြယ်ကြွေ ဆိုပြီးတော့ တ ကယ်ပဲ ရူးကြောင်ကြောင်နဲ့"

ဝသုန်က ရင်ဘတ်လေးဖိရင်း မကျေမနပ်ဖြင့် ရန်ထတွေ ့သည်။ သေချာသွားပြီ သူ့နှုတ်က အသံထွက်သွားတယ်ဆိုတာ။

မိမိကိုယ်ကို မကျေမနပ် ဖြစ်သွားသည်။ ကောင်းကင် မင်း တော် တော် တုံးတဲ့ကောင်ဟု စိတ်ထဲမှာ ပြောနေမိ၏ ။ အိပ်မက်တွေ နဲ့ပတ်သက်လာရင် သူငယ်ချင်းတွေ ရှေ့မှာ မပြောမိဖို့ သူ ဆုံးဖြတ်ထားခဲ့ တာ။

ကော်ဖီဘားထဲက ကိစ္စကို သူ မမေ့နိုင်သေး။ ခုလည်း ကြည့်။

''ဘာလဲ အိပ်မက်တွေ ပဲလား''

ဇင်လင်းခန့်က ခပ်ငေါ့ငေါ့ မေးသည်။ သူ့အသွင်က မနှစ် မြို့ ဟန် ဖုံးလွှမ်းနေသည်။ ပထမ ကတော့ အမှန်အတိုင်း ပြောပြဖို့ စိတ်ကူးမိ သည်။

ဒါပေမဲ့ လုံးဝ မပြောပြဘဲနေဖို့ စိတ်ကူးမိသည်။ ကျန်တဲ့ သူတွေ က ဘာမှမပြောပေမယ့် ဒီနေရာမှာ ဆက်နေချင်စိတ် မရှိတော့။

ရေငုံနှုတ်ပိတ်၍ ထထွက်လာခဲ့သည်။ မကျေနပ်မှု ကတော့ အပြည့်။ နောက်က ကပ်ငြိပါလာသော အသံတွေ ကို ဥပေက္ခာပြုထားမိ၏ ။

''အဲဒါပဲ ဒီကောင်က ပြောရင်လည်း မကြိုက်ချင်ဘူး''

''ကြာရင်တော့ ရူးမယ်''

''လူငယ်ပဲဟာ ဒါတွေ ကို ဘာစွဲလန်းစရာလိုလဲ၊ ပျော်ပျော်ရွှင်ရွှင် ကို မနေတတ်တာ''

စိတ်က ဂရုမစိုက်ပေမယ့် ကြားနေရတဲ့ အသံဆိုးတွေ ကြောင့် ခပ်ပြင်းပြင်း ဒေါသတွေ ရင်ဝတစ်လျှောက် ဆောင့်တက်လာသည်။

လက်သီးတွေ ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏ ။ သူ့ကို ရူးတယ် အိပ်မက်တွေ ကို ရူးတယ်ဟု အပြောခံရတာ ကို အမုန်းဆုံး။

နားလည်မှု မရှိတဲ့ သူငယ်ချင်းတွေ ကို စိတ်ကုန်သည်။ ကိုယ့် ဘက်က အချို့ နေရာတွေ မှာ အလျှော့ပေးပေမယ့် သူတို့က ကိုယ့်အပေါ် ကိုယ်ချင်းစာစိတ် မထား။

ကြာရင် ရူးမယ့်ကောင်တဲ့လား။ ဟုတ်တယ် ဘာ ဖြစ်လဲ လူဆို တာ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပဲလေ၊ လူသားအားလုံးဟာ အရူးတွေ ချည်းပဲလို့။

အဖြူရောင် လှမ်းကြည့်လိုက်တော့ ကောင်းကင် ခေါင်းငုံ့လျက် ခပ်မှန်မှန် လျှောက်သွားတာ တွေ့နေသည်။

သူမ ဦးခေါင်းကို ဘယ်ညာ ခါရမ်းမိသည်။ ကောင်းကင်ရဲ့ စိတ်က ခန့်မှန်းရခက်ပါသည်။ ဒါကို တခြားသူတွေ နားမလည်နိုင်ပေမယ့် သူမ နားလည်သည်။ သူမအနေနဲ့ ညှိနှိုင်းပေးလို့ မရတာ လည်း သိနေ ပါ၏ ။

ကောင်းကင်ရဲ့ အသွင်ကိုက တမူထူးခြားပါသည်။ မတိုမရှည် ဆံပင်တွေ ကို ဘေးခွဲဆန်ဆန် ဖြီးထားတတ်သည်။

ခြောက်ပေနီးပါး မြင့်မားသော အရပ်နှင့် တောင့်တင်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပေမယ့် လူပုံစံက ဖြူဖျော့ဖျော့။

မတူမပါး မျက်ခုံးမွေးတွေ သည် အစွန်းမှာ ထူထဲပေမယ့် တဖြည်းဖြည်း ပါးလျသွားပြီး ကွေးညွှတ်တန်းစင်းသွားသည်။

မျက်ဝန်းတွေ က စူးရှသရောင် ရှိပေမယ့် အမြဲတစေ ဆွေးရိပ် နှင့် မှိန်ဖျော့နေတတ်သည်။

နှာတံစင်းစင်းရဲ့ အောက်တွင် စိမ်းမြမြ နှုတ်ခမ်းမွေး ရေး ရေး လေးတွေ က ပိရိပါးလျသော နှုတ်ခမ်းတစ်စုံကို အနားသပ်ပေးထား၏ ။

အားလုံး ပေါင်းစပ်ကြည့်လိုက်လျှင် ကောင်းကင် ပုံစံက မိန်းကလေးတွေ ကြို က်ချင်စရာ ရုပ်ရည်မျိုး ဖြစ်သည်။

ဒါပေမဲ့ ကောင်းကင် ထိုကိစ္စတွေ စိတ်မဝင်စားတာကို သူမ အသိဆုံး။ အဖြူ ရောင် လေပူတွေ မှု တ်ထုတ်ပစ်မိပြီး

''ကောင်းကင်''

လှမ်းကြည့်တော့ အနောက်က ခြေသံတဖျပ်ဖျပ်ဖြင့် အဖြူရောင် ပြေးလိုက်လာ၏ ။ ခြေလှမ်းတွေ ကို ရပ်တန့်လိုက်မိပေမယ့် အကြည့် ကို လွှဲဖယ်ပစ်လိုက်သည်။

သူ့စိတ်တွေ လေးလံထိုင်းမှိုင်းနေသည်။ သူ့ကို လှောင်ပြောင် စော်ကားတဲ့

ဇင်လင်းခန့်တို့ကို ဒေါသထွက်ရမှာ လား၊ အကောင်အထည်မဲ့ ဝင်ရောက်လာတတ်တဲ့ အိပ်မက်ကိုပဲ ဒေါသထွက်ရမှာ လား မတွေ းတတ်။

"ဘာပြောမလို့လဲ အဖြူရောင် "

"ညက အိပ်မက်ပဲ မဟုတ်လားဟင်၊ ငါ နားထောင်ပေးမယ် လေ"

သူ့အပေါ် နားအလည်နိုင်ဆုံးက အဖြူရောင် ဆိုတာ သူ ကောင်းကောင်း သိပါသည်။ အခုလည်း သူ့ကို ချော့ဖို့ လိုက်လာတာ ဖြစ်မည် ။

"ဟင့်အင်း မဟုတ်ပါဘူး"

"ဟုတ်ပါတယ်ဟာ နင့်မျက်လုံးထဲမှာ အရောင် တွေ လက်နေ တာ ငါ သိတယ် ကောင်းကင်"

"ဟာ မဟုတ်ပါဘူးဆို"

"နင် ညာနေတာ ကောင်းကင်၊ ငါ အရမ်းနားထောင်ချင်လို့ ပြောပြပါဟာ နော်"

"နေပါဦး မဟုတ်ပါဘူးဆိုတာကို နင်က ဘာ ဖြစ်နေတာလဲ"

သူ့အသံမှာ မာဆတ်ဆတ် ဖြစ်သွား၏ ။ အဖြူရောင် ရုတ်တ ရက်မို့ ကြောင်တွေ သွားသည်။ သူ့အပေါ် နားလည်မှု အပြည့်နှင့် မဝေဖန် တတ်သော အဖြူရောင် ကိုလည်း သူ မပြောပြချင်တော့ပါ။

အိပ်မက်ကို စောင့်ကြည့်ဖို့ အိပ်မက်တွေ ကို ယုံကြည်စွာ အသက်သွင်းဖို့ အိပ်မက်အကြောင်းကို ရင်ဘတ်ထဲမှာ ပဲ သိမ်းဆည်းထား တာ အကောင်းဆုံးဆိုတာ သဘောပေါက်မိသည်။

"ကောင်း ကင်"

"ပြော"

"ဒါဆို နင့် ပါးစပ်က ထွက်သွားတာက ဘာလဲ၊ နင် အခုလို ဒေါသ ဖြစ်နေရတာ

ကရော''

''မဟုတ်ဘူး ငါ ပြောတာက ကြယ်ကြွေတာကို သတိရမိသွား လို့ဟိုကောင်တွေက ဒေါသ ဖြစ်ချင်စရာဆိုတာ နင့်အမြင့်ပဲလေ''

အဖြူရောင် ဆီမှာ ပင့်သက်တိုးတိုးကို ကြားရ၏ ။ ဒီထက်ပိုပြီး လည်း ရှင်းမပြချင်တော့ပါ။ ဖြစ်ပျက်ပုံ အစအဆုံးကို အဖြူရောင် ကြားက ထိုင်ကြည့်နေခဲ့သည်ပဲ။

''ဒါဆို နင် အခု ဘယ်သွားမလို့လဲ''

''အိမ် ပြန်မှာ ''

''ငါလည်း ပြန်မယ်ဟာ၊ အတူတူ သွားရအောင်''

သူ ခေါင်းညိတ်ပြမိသည်။ သူ့ကို ချော့ဖို့ လိုက်လာတဲ့ အဖြူရောင် ကိုတော့ အားနာမိသည်။ ခန္ဓာကိုယ်အလှည့်မှာ အဖြူရောင် ဆီမှ သင်းပျံ့သော ကိုယ်သင်းရနံ့လေးက သွေးတွေ ဆူပွက်သွား၏ ။

သူ ရှူထုတ်လိုက်သည်။ လေပူတချို့ အဖြူရောင် ပါးပြင်နုနု လေးအပေါ် ထိခတ်သွားတော့ သူတို့ ကြည့်သည်။

သေချာစိုက်ကြည့်နေသော အ ဖြစ်နှင့် ကြုံတော့ မျက်လွှာ ကလေးချပြီး သူမ မျက်နှာ နင်းဆီဖူးလေး ဖြစ်သွားသည်။

ဘာမှဆက်မပြော ဖြစ်။ တိတ်ဆိတ်စွာ ဖြင့် ဆက်လျှောက်လာမိ သည်။ သူ့ရင်ထဲမှာ တော့ ရင်ခုန်သံတွေ ဆူညံနေသည်။

အဖြူရောင် ရော သူ့လိုပဲလား...။

*